မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၄ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ရာထူးမှထုတ်ပယ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင် ကို ယနေ့မှစ၍ ရာထူးမှထုတ်ပယ်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

D:/Hla Nu/2019 Gazette/gazette (44) 1

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၅ အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုတရားသူကြီးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး<br>ပြည်ထောင်စုလွှတ်တော် | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>ပြည်ထောင်စုလွှတ်တော် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံတရားလွှတ်တော်ရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း | အဖွဲ့ဝင် |

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လောင်းစိစစ်ရွေးချယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

D:/Hla Nu/2019 Gazette/gazette (44) 2

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

**ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတွင် အဖွဲ့ဝင် ပြင်ဆင်၊ ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတွင် အဖွဲ့ဝင်အဖြစ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦး **အစား** ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်တစ်ဦးဖြင့် အစားထိုး ပြင်ဆင်၍လည်းကောင်း၊ ကချင်ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ ဖားကန့်ဒေသကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးတို့အား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်၍လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

**အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

**အမျိုးသားစာကြည့်တိုက်ဥပဒေ (မူကြမ်း)**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အမျိုးသားစာကြည့်တိုက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

D:/Hla Nu/2019 Gazette/gazette (44) 3

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစာကြည့်တိုက်**ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သည့်အမျိုးသား စာကြည့်တိုက်ကို ဆိုသည်။

(ခ) **အမျိုးသားစာကြည့်တိုက်ခွဲ**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သော အမျိုးသားစာကြည့်တိုက် များ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ရှိသည့် စာကြည့်တိုက်များကို ဆိုသည်။

(ဂ) **စာပေအနုပညာပစ္စည်း**ဆိုသည်မှာ ပေ၊ ပုရပိုက်၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့် အသံသွင်းတိတ်ခွေများ၊ စာရွက်၊ ဖလင်၊ အီလက် ထရောနစ်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းတင်ထားသော ပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ကြီးကြပ်မှုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အမျိုးသားစာကြည့်တိုက် ကြီးကြပ်မှု အဖွဲ့ကို ဆိုသည်။

(စ) **ပုံနှိပ်သူ**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်နှင့်စပ်လျဉ်းသည့် အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေးဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဆ) **ထုတ်ဝေစာ**ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ် ရပ်ဖြင့် ဖန်တီး၍ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများ ကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်။

(ဇ) **ထုတ်ဝေသူ**ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ် ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ထုတ်ဝေသည့် လုပ်ငန်းလုပ်ကိုင်သူနှင့်စပ်လျဉ်းသည့်အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစု လုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

(ဈ) **ဖြန့်ချိသူ**ဆိုသည်မှာ စာပေအနုပညာပစ္စည်းများကို ပြည်သူသို့ရောင်းချခြင်း အပါအဝင် တစ်နည်း နည်းဖြင့် ဖြန့်ချိသူကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေအနုပညာပစ္စည်းများကို တာဝန်ယူ၍ ဖြန့်ချိသော အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေးဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) "မြန်မာ့အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်" ဆိုသည့် အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်ကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ကွန်ရက်ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

D:/Hla Nu/2019 Gazette/gazette (44) 4

## အခန်း (၃)

## အမျိုးသားစာကြည့်တိုက်ဖွဲ့စည်းတည်ထောင်ခြင်း

၄။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ရမည် -

(က) ပြည်တွင်းထုတ်ပုံနှိပ်စာများနှင့် ရှားပါးစာပေအနုပညာပစ္စည်းများ၊ လက်ရေးစာများအားလုံးကို ပြည့်စုံအောင်စုဆောင်း၍ ပြည်တွင်း ပြည်ပသုတေသီများနှင့် ပြည်သူလူထုတစ်ရပ်လုံး ရည်ညွှန်းကိုးကားအသုံးပြုနိုင်စေရန်၊

(ခ) အမျိုးသားယဉ်ကျေးမှု ရှေးဟောင်းစာပေ၊ စာပေအနုပညာပစ္စည်းများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် စာစုများ၊ တိုင်းရင်းသား လူမျိုးများဆိုင်ရာစာစုများကို ပြည့်စုံအောင် စုဆောင်း၍ အမျိုးသားစာပေဆုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များ၏ စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရေးနှင့် ပိုမိုတိုးတက်သော စာကြည့်တိုက်များဖြစ်လာစေရေးအတွက် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုနှင့်အညီ အသုံးပြုနိုင်ရန်။

၅။ (က) ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း သင့်လျော်သည့်ဒေသတွင် အမျိုးသားစာကြည့်တိုက်ခွဲများ တည်ထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တည်ထောင်သော အမျိုးသားစာကြည့်တိုက်ခွဲများသည် ကြီးကြပ်မှုအဖွဲ့၏ စီမံအုပ်ချုပ်မှုကို ခံယူရမည်။

## အခန်း (၄)

## ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှစ်ဦးထက်မပိုသော စာကြည့်တိုက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး (စာကြည့်တိုက်မှူး) က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသား စာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ ကြီးကြပ်မှုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာစုများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာပေအနုပညာပစ္စည်းများ အပါအဝင် အမျိုးသားစာပေစု အမွေအနှစ်ကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ပြန့်ပွားစေခြင်း၊

(ခ) ပညာရပ်အမျိုးမျိုးနှင့် ဘာသာစကားအမျိုးမျိုးမှ အသိပညာဗဟုသုတ တိုးပွားစေနိုင်သော၊ စာပေယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထင်ဟပ်စေနိုင်သော၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေနိုင်သော စာပေအနုပညာပစ္စည်းများကို ရယူစုဆောင်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတော်အတွင်းရှိ စာကြည့်တိုက်များအတွက် စာကြည့်တိုက်စနစ်များနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာလမ်းညွှန်၊ လက်စွဲစာအုပ်များပြုစုထုတ်ဝေနိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခြင်း၊

(င) နိုင်ငံတော်အတွင်း စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်ဆိုင်ရာအသိပညာ၊ အတတ်ပညာများအား လေ့ကျင့်မှုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများစသည့် ပညာပြန့်ပွားရေး နည်းလမ်းအမျိုးမျိုးဖြင့် ဖြန့်ဖြူးပေးခြင်း၊

(စ) နိုင်ငံတော်အတွင်း စာကြည့်တိုက်အသုံးပြုမှုမြင့်မားလာရေးနှင့် စာဖတ်စွမ်းရည်မြင့်မားလာရေး အတွက် ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်အတွင်းရှိ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသာမက နိုင်ငံတကာမှစာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ဆက်သွယ်၍

D:/Hla Nu/2019 Gazette/gazette (44) 5

စာကြည့်တိုက်စာစုများတိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အတွင်း ထုတ်ဝေမည့် စာပေအနုပညာပစ္စည်းများအတွက် စာကြည့်တိုက်သုံး ကက်တလောက် (Cataloguing in Publication) ကို ပြုစုပေးခြင်း၊

(ဈ) နိုင်ငံတော်အတွင်း ထုတ်ဝေမည့်စာအုပ်နှင့် စာနယ်ဇင်းများအတွက် နိုင်ငံတကာအသိအမှတ်ပြု စာအုပ်အမှတ် (International Standard Book Number-ISBN) နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ် (International Standard Serial Number-ISSN) လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း။

၈။ ကြီးကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို တရားဝင်ရယူထိန်းသိမ်းရေး (National Depository) ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစာကြည့်တိုက်၏ အဆောက်အအုံ၊ ပရိဘောဂနှင့်စာပေအနုပညာပစ္စည်းများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ အသုံးပြုခြင်း၊

(ဂ) အမျိုးသားစာကြည့်တိုက်က စုဆောင်းထိန်းသိမ်းရန်လိုအပ်မည့် စာပေအနုပညာပစ္စည်းများကို သတ်မှတ်ထားသော စာပေအနုပညာပစ္စည်းစုဆောင်းရေးမူဝါဒနှင့်အညီ ဝယ်ယူစုဆောင်းခြင်း၊ စနစ်တကျနေရာချထားခြင်း၊ ခေတ်မီနည်းပညာဖြင့် ထိန်းသိမ်းခြင်း၊ အများပြည်သူ အသုံးပြုခွင့်ပေးခြင်း၊

(ဃ) ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စာပေအနုပညာပစ္စည်း လဲလှယ်ရေးအစီအစဉ်ကို ပီပြင်စွာဆောင်ရွက်ခြင်း၊

(င) ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်၍ မြန်မာနိုင်ငံစာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်မှူးများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(စ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ခြင်းကို မထိခိုက်စေဘဲ အမျိုးသားစာကြည့်တိုက်တွင် ထားခွင့်ရှိသည့် စာပေအနုပညာပစ္စည်းနှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည့် လုပ်ငန်းတို့ကို သတ်မှတ်ခြင်း။

## အခန်း (၅)
## စာပေအနုပညာပစ္စည်းများ ရယူစုဆောင်းခြင်း

၉။ ကြီးကြပ်မှုအဖွဲ့သည် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် နိုင်ငံအတွင်း ထုတ်ဝေသော မည်သည့်စာပေအနုပညာပစ္စည်းကိုမဆို အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းအဖြစ် ရယူစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည် -

(က) စာပေအနုပညာပစ္စည်းများအား နိုင်ငံတော်၏စာပေစုအမွေအနှစ်အဖြစ် စုဆောင်းရန်၊

(ခ) စုဆောင်းရရှိထားသည့် စာပေအနုပညာပစ္စည်းများ မပျောက်မပျက်စေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းရန်၊

(ဂ) စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသော အမျိုးသားစာစုစာရင်း (National Bibliography) ကို ပြုစုထုတ်ဝေရန်။

၁၀။ (က) အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အပါအဝင် ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် နိုင်ငံတော်အတွင်း ထုတ်ဝေသမျှသော ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို ထုတ်ဝေရောင်းချမည့် အရည်အသွေးအတိုင်း ပြည့်စုံစွာပါဝင်စေလျက် ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် စီမံခန့်ခွဲမှု ပြစ်ဒဏ်စီရင်ခြင်းခံရပြီး ဖြစ်စေကာမူ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် ၎င်းပေးပို့ရန် ပျက်ကွက်သော စာပေအနုပညာပစ္စည်းကို မူလအတိုင်းဖြစ်စေ၊ ပြန်လည် ပုံနှိပ်ထုတ်ဝေ၍ဖြစ်စေ ပုဒ်မခွဲ (က) တွင် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း အမျိုးသားစာကြည့်တိုက်သို့ ပေးပို့ရမည်။

D:/Hla Nu/2019 Gazette/gazette (44) 6

၁၁။ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် -

(က) စာအုပ်ထုတ်ဝေရာတွင် အမျိုးသားစာကြည့်တိုက်မှ ပြုစုပေးသော စာကြည့်တိုက်သုံး ကတ်တလောက်ပုံစံ (Cataloguing in Publication - CIP) ကို မိမိထုတ်ဝေသော စာအုပ်များတွင် ဖော်ပြပေးရမည်။

( ခ ) စာအုပ်နှင့် စာနယ်ဇင်းထုတ်ဝေရာတွင် အမျိုးသားစာကြည့်တိုက်မှပြုစုပေးသော နိုင်ငံတကာအသိအမှတ်ပြု စာအုပ်အမှတ် (International Standard Book Number- ISBN) နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ် (International Standard Serial Number -ISSN) ပုံစံများကို မိမိတို့ထုတ်ဝေသောစာအုပ်နှင့် စာနယ်ဇင်းများတွင် ဖော်ပြပေးရမည်။

၁၂။ ကြီးကြပ်မှုအဖွဲ့သည် အများပြည်သူ ပညာပြန့်ပွားစေခြင်းအကျိုးငှာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာပစ္စည်းများကို ဒစ်ဂျစ်တယ်ပုံစံဖြင့် အသွင်းပြောင်းလဲ၍ မူပိုင်ခွင့်ကို မထိခိုက်စေဘဲ အမျိုးသားစာကြည့်တိုက်ခွဲများသို့ ဖြန့်ဝေအသုံးပြုခွင့်ရှိသည်။

၁၃။ ကြီးကြပ်မှုအဖွဲ့သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာပစ္စည်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊

( ခ ) တိုက်ပိုင်မှတ်ပုံတင်စာရင်း သီးခြားထားရှိ၍ ရေးသွင်းမှတ်တမ်းတင်ခြင်း၊

( ဂ ) အမျိုးသားစာပေစုအမွေအနှစ်အဖြစ် ထိန်းသိမ်းနိုင်ရေးအတွက် စာပေအနုပညာပစ္စည်းများ၏ တစ်မျိုးစီကို အမြဲတမ်းသိမ်းဆည်းခြင်း၊

(ဃ) အမျိုးသားစာစုစာရင်းကို ပြုစုထုတ်ဝေခြင်း။

## အခန်း (၆)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၁၄။ ကြီးကြပ်မှုအဖွဲ့သည် အောက်ပါပြုလုပ်မှု တစ်ခုခုပြုလုပ်သူကို ကျပ် ဆယ်သိန်း ထက်မပိုသော ဒဏ်ကြေးချမှတ်ရမည် -

(က) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲ၏ ပြင်ပသို့ယူဆောင်ခြင်း၊

( ခ ) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲတစ်နည်းနည်းဖြင့် မိတ္တူကူးယူခြင်း၊ မူပွားခြင်း၊ အသွင်ပြောင်းကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

( ဂ ) အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများမှအပ စာပေအနုပညာပစ္စည်းများကို ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပေးပို့ရန် ပျက်ကွက်ခြင်း။

## အခန်း (၇)

## အထွေထွေ

၁၅။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်တွင် ထားရှိသင့်သည်ဟု ကြီးကြပ်မှုအဖွဲ့က သဘောတူဆုံးဖြတ်သော မည်သည့်စာကြည့်တိုက်ပိုင်စာပေအနုပညာပစ္စည်းကိုမဆို မူလပိုင်ရှင်ထံမှ တစ်နည်းနည်းဖြင့် ကူးယူ၍ဖြစ်စေ၊ သင့်လျော်သောနှုန်းဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ၊ အမျိုးသားစာကြည့်တိုက်သို့ လွှဲပြောင်းထိန်းသိမ်းစေရန် ဆောင်ရွက်နိုင်သည်။

၁၆။ ကြီးကြပ်မှုအဖွဲ့သည် စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်နိုင်သည်။

၁၇။ ကြီးကြပ်မှုအဖွဲ့သည် တစ်နည်းနည်းဖြင့် ပြင်ပသို့ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းများကို အမျိုးသားစာကြည့်တိုက်သို့ ပြန်လည်ပေးပို့ ထိန်းသိမ်းနိုင်စေရန် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော စာကြည့်တိုက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ကြီးကြပ်မှုအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၉။ ကြီးကြပ်မှုအဖွဲ့အတွက် ရုံးလုပ်ငန်းကိစ္စများကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ကြီးကြပ်မှုအဖွဲ့၏ အသုံးစရိတ်များကိုလည်း ကျခံရမည်ဖြစ်သည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ကြီးကြပ်မှုအဖွဲ့သည် ဝန်ကြီးဌာနက ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများနှင့်အညီ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်၊ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## ကြေညာချက်အမှတ် (၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

### ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ကြေညာချက်အမှတ် (၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

### ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**တိုင်းရင်းသားရေးရာကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားရေးရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) မှ ဦးလှဦး **အစား** စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးညီညီထွေး (ခ) ဦးကိုကိုလေး အား အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (၁) | ဦးကင်ရောတန်ဂွန်း | ဥက္ကဋ္ဌ |
| (၂) | ဦးလခရိဇော်ဘောက် | အဖွဲ့ဝင် (၃) |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

D:/Hla Nu/2019 Gazette/gazette (44) 9

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၁၇၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအောင်မြတ် ကို ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၁၇၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးထွန်းအောင်ကျော် ကို ရခိုင်ပြည်နယ်၊ မောင်တောခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၁၇၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်ငွေငွေဝင်း ကို ရှမ်းပြည်နယ်၊

D:/Hla Nu/2019 Gazette/gazette (44) 10

တာချီလိတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးတင်ထွန်း ကို ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

အမှတ် ၁၁၈ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၉) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် နေ့ရက် |
|---|---|---|---|
| (က) | ဒေါ်နန်းအေးခိုင် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် | ၄-၉-၂၀၁၉ |
| (ခ) | ဦးရဲဝင်းထွန်း | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကျိုင်းတုံခရိုင် | ၄-၉-၂၀၁၉ |
| (ဂ) | ဦးအမ်းအင်းလမ်း | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ခန္တီးခရိုင် | ၄-၉-၂၀၁၉ |

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် နေ့ရက် |
|---|---|---|---|
| (ဃ) | ဒေါ်ဝါဝါဝင်းအေး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဌာနခွဲ၊ ရုံးချုပ် | ၄-၉-၂၀၁၉ |
| (င) | ဒေါ်စုစုသွယ် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် | ၄-၉-၂၀၁၉ |
| (စ) | ဒေါ်ရည်မွန်သူ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုံးချုပ် | ၄-၉-၂၀၁၉ |
| (ဆ) | ဒေါ်ဇာဇာထွန်း | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုံးချုပ် | ၅-၉-၂၀၁၉ |
| (ဇ) | ဒေါ်မေသန္တာအောင် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် | ၅-၉-၂၀၁၉ |
| (ဈ) | ဒေါ်ဥမ္မာချို | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ ရုံးချုပ် | ၁၃-၉-၂၀၁၉ |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၂၆၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

၁။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါ မြေကို အများပြည်သူအကျိုးငှာ **ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ပညာရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| ကယား | လွိုင်ကော် | ချိကယ် | ၁၄၄/ထေးသမ | ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၇၅၊ ၇၆ | ၂၂. ၅၉ |
| | | | ၁၆၄/ ထေးသမမြောက် | ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၃ | ၁၅. ၆၈ |
| စုစုပေါင်း | | | ၂ | ၂၀ | ၃၈. ၂၇ |

၂။ မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

၃။ သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအုံးမော် (ပ/၄၄၆၀) အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၆၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည် ၃၄၂၉/ဝက်လက်မြို့မ၊ မြေကွက်အမှတ် (၂၃+၂၄)၊ **မြေဧရိယာ (၀. ၁၆၆) ဧက** အား **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၆၆/၂၀၁၉)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ကွင်းအမှတ်/အမည် ၅၉၈ᵃ/ငန်းတေး (ခ) ကွင်း၊ ဦးပိုင်အမှတ် (၄၆) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၄၇) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၄၈) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၄၉) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၅၀) မှ မြေဧရိယာ ၀. ၀၅၅ ဧကနှင့် ဦးပိုင်အမှတ် (၅၁) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၃၃၀ ဧက** အား **မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၆၇/၂၀၁၉)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၅၊ မြေကွက်အမှတ် (၃၃/က၊ ၃၃/ခ) တို့ရှိ **မြေဧရိယာ ၁. ၄၇၅ ဧက** အား **ပြည်တွင်း**

D:/Hla Nu/2019 Gazette/gazette (44) 13

**အခွန်များဦးစီးဌာန၊ သယ်န်းကျွန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၆၈/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဒဟတ္တောကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၄၆၅-ခ^၂/ဒဟတ္တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၃၀၊ ၃၁၊ ၃၂၊ ၄၁၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁/၁၊ ၅၁/၂၊ ၅၁/၃၊ ၅၁/၄၊ ၅၁/၅၊ ၅၁/၆၊ ၅၁/၇၊ ၅၁/၈၊ ၅၁/၉၊ ၅၁/၁၀၊ ၅၁/၁၁၊ ၅၁/၁၂၊ ၅၁/၁၃၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇/၃၊ ၅၇/၄၊ ၅၇/၅) ဦးပိုင်ပေါင်း (၃၃) ခုရှိ **မြေဧရိယာ (၂၁၁. ၇၀) ဧက** အား **တန် (၅၀၀၀) ကျ ဘိလပ်မြေစက်ရုံတည်ဆောက်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၇၆,၂၁၂,၀၀၀/-)** နှုန်းဖြင့် **ဒေါ်နန်းလင်းလင်းထွန်း [၁/မကတ (နိုင်) ၀၀၀၄၀၄]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၇၉ (ဌ) အရ နှစ် (၃၀) **စက်မှု/စီးပွား** မြေငှားဂရန်ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၆၉/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (အ-၃၀)၊ ဦးပိုင်အမှတ် (၁-စ) ရှိ **ဒီပါဒေးပရိယတ္တိစာသင်တိုက်** အခွန်လွတ်သာသနာမြေဧရိယာ **၂. ၁၅၆၆ ဧကအနက်မှ ၀. ၀၈၂၆ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်ဝင်းခိုင် [၅/စကန (နိုင်) ၀၈၃၅၄၁] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၇၀/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၇၅/ဝါးချက်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (၆၅/၁) **ပညိန္ဒာရာမကျောင်းတိုက်** မူလသာသနာ့မြေဧရိယာ ၀. ၈၉ ဧကအနက်မှ ဦးပိုင်အမှတ် (၆၅/၃) ရှိ **မြေဧရိယာ ၀. ၀၄ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးကျော်တင် [၅/ဘတလ (နိုင်) ၀၀၀၄၅၆] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၇၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ဘောနီကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၈၂^က/ဘောနီရွာသစ်ကွင်း၊ ဦးပိုင်အမှတ် (၆/၂၊ ၈/၁၊ ၁၇/၂) တို့ရှိ **မြေဧရိယာ ၅. ၂၅ ဧက** အား **မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဘောနီအမြန်လမ်းမကြီးရဲစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

D:/Hla Nu/2019 Gazette/gazette (44) 14

## အမိန့်ကြော်ငြာစာ (၂၇၃/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ မိုင်းယု (၁၀၅) မိုင် ကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၄/ကွက်သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ် (၆၅)၊ **မြေဧရိယာ (၀. ၀၇၈) ဧက** ရှိ မြေအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ **ခရိုင်အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၇၄/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ပုန်းထွန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၉-ပုန်းထွန်အနောက်)၊ ဦးပိုင်အမှတ် (၁)၊ **မြေဧရိယာ (၁. ၇၂) ဧက** အား ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ **လင်းခေးမြို့နယ်စည်ပင်သာယာရေးဌာန၊ နွယ်ဝတီခန်းမ** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၇၅/၂၀၁၉)

၁။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ တတန်ကူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် - ၁၁၉/ကော့ကရိတ်မြောက်ကွင်း၊ ဦးပိုင်အမှတ် (၂၁၆) ရှိ **မြေဧရိယာ ၀. ၁၁၀ ဧက** အား **သာသနာရေးဦးစီးဌာန၊ ကော့ကရိတ်ခရိုင်သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၇၆/၂၀၁၉)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 36-D၊ မြေကွက်အမှတ် (၇၇ ဘီ) ရှိ **မြေဧရိယာ ၃. ၀၆၂ ဧက** အား **လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေး လိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

D:/Hla Nu/2019 Gazette/gazette (44) 15

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမြင့်ဇော်ဝင်း<br>ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးအေးမင်းအောင်<br>ညွှန်ကြားရေးမှူး (စီမံ)<br>သာသနာရေးဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးမျိုးဝင်းအောင်<br>ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဖြိုးဇော်ဇော်<br>ညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးသန်းထွေး<br>ဒုတိယညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (သာသနာရေး) | အဖွဲ့ဝင် |
| (စ) | ဦးအောင်မြိုင်<br>ဒုတိယညွှန်ကြားရေးမှူး (ဦးစီး)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးညီညီအောင်<br>ဒုတိယဌာနမှူး (စာကြည့်တိုက်/ပြတိုက်)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးရှိန်းစိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းသိန်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |

D:/Hla Nu/2019 Gazette/gazette (44) 16

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (ည) | ဦးဇော်မင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်သာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးတင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါ်စုစုတင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးထွန်းလင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်သာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးတင်သိန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးမျိုးဦး<br>ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး)<br>ဝန်ကြီးရုံး (ယဉ်ကျေးမှု) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးအောင်ပန်း<br>ဌာနမှူး (သင်တန်းရေးရာ)<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (ဂ) | ဒေါ်စန်းစန်းအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နီလာအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစိုးကိုကို<br>ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ)<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |

D:/Hla Nu/2019 Gazette/gazette (44) 17

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (စ) | ဦးကျော်ဆန်းဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး (ယဉ်ကျေးမှု) | အဖွဲ့ဝင် |
| (ဆ) | ဦးရှိန်းဇာနည်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |

၃။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်းနှင့် ကြိုတင်တားဆီးရေးဆောင်ရွက်ခြင်း၊

(ဃ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအစဉ်များချမှတ်ခြင်း၊

(င) အဂတိလိုက်စားမှု ပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊ လိုအပ်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းခြင်း၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ အခါအားလျော်စွာ ညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း၊

(ဆ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ တိုင်ကြားစာ၊ အကြံပြုစာများကို စိစစ်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ခြင်း၊

(ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အား အထောက်အကူပြုမည့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများရယူခြင်း၊

(ဈ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် မူဝါဒ၊ ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ လာဘ်ပေးလာဘ်ယူပြုခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို စံနမူနာပြ လိုက်နာဆောင်ရွက်ခြင်း၊

(ဋ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း။

၄။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့်ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင် တားဆီးကာကွယ်ခြင်းစသည့် တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

D:/Hla Nu/2019 Gazette/gazette (44) 18

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၇/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဟန်သိန်းမောင် အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၈/၂၀၁၉)**

**အရာထမ်း ပြောင်းရွှေ့တာဝန်ချထားခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဟန်သိန်းမောင် အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ညွှန်ကြားရေးမှူး (မြို့ပြ) သို့ တိုးမြှင့်ခန့်ထားပြီးနောက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးချုပ် (စီမံ/လုပ်ငန်း) ဌာနခွဲမှ ရုံးချုပ် (စက်မှု/လျှပ်စစ်-၁) ဌာနခွဲသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၀/၂၀၁၉)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးအောင်ဇော် အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ စက်မှုလယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၁/၂၀၁၉)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) (၄) ဦးအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ စိုက်ပျိုးရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (က) | ဦးလင်းမြတ် | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |

D:/Hla Nu/2019 Gazette/gazette (44) 19

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (ခ) | ဦးသိုက်စိုး | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (ဂ) | ဦးတိုးမင်း | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (ဃ) | ဦးသန်းထိုက် | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၁,၉၁၆) ဧကရှိသောနယ်မြေကို "သုဝဏ္ဏသျှံတောင်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တောင်ကြီး-ကျိုင်းတုံ ကားလမ်း တာကော်တံတားအနီး ခန့်မှန်းမြေပုံညွှန်း (O-538685) မှ အစပြု၍ မြောင်းငယ်အတိုင်း အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ကားလမ်းနှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-546690) အထိ၊ ထိုမှ အရှေ့ဘက်သို့ ကားလမ်းအတိုင်း (၅) မိုင် (၅) ဖာလုံခန့်လာရာ ပွေဟင်ရွာအနီး နမ့်လုံချောင်းနှင့် နမ့်ပေါ်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-632696) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ နမ့်ပေါ်ချောင်းအတိုင်း (၅) မိုင် (၁) ဖာလုံခန့်လာရာ နမ့်ပေါ်ချောင်းအတွင်းစီးဝင်သည့် နမ့်ဟုတ်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-663644) အထိ၊ ထိုမှ နမ့်ပေါ်ချောင်းအတိုင်း အရှေ့ဘက်သို့ (၄) မိုင်ခန့်လာရာ နမ့်ပေါ်ချောင်းအတွင်းစီးဝင်သည့် နမ့်လစ်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-709638) အထိ၊ ထိုမှ အရှေ့ဘက်သို့ နမ့်ပေါ်ချောင်းအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-715639) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ နမ့်ပေါ်ချောင်းအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-705653) အထိ၊ ထိုမှ အရှေ့မြောက်သို့ နမ့်ပေါ်ချောင်း အတိုင်း (၂) မိုင် (၆) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ်-4324 မှစီးဆင်းလာသည့်

D:/Hla Nu/2019 Gazette/gazette (44) 20

ချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-747665) အထိ၊ ထိုမှ နမ့်ပေါ်ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၄) မိုင် (၆) ဖာလုံခန့်လာရာ နမ့်ပေါ်ချောင်းဖျားအတွင်း စီးဝင်သည့် နမ့်လောချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-790714) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ နမ့်လောချောင်းအတိုင်း (၂) မိုင် (၃) ဖာလုံခန့်ဆန်တက်လာရာ ဝမ်လောချောင်းဖျား ရေဝေတောင်ကြောထိပ် ဝမ်လောရွာအနီး ခန့်မှန်းမြေပုံညွှန်း (O-818680) အထိ၊ ထိုမှ တောင်ဘက်သို့ တောင်ကြောအတိုင်း အမြင့်ပေ (၅၃၉၇) ရှိ လွိုင်ကျော်တောင်အားဖြတ်၍ (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-818642) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကုန်းအမှတ် (၄၆၄၁) အားဖြတ်၍ ဟွေခုန်းချောင်းနှင့် နမ့်လစ်ချောင်းတို့၏ ရေဝေတောင်ကြောအတိုင်း (၄) မိုင် (၂) ဖာလုံခန့်လာရာ ဟွေခုန်ရွာဟောင်းလမ်းဆုံနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (O-765590) အထိ၊ ထိုမှ တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၄၄၆၀) ၏တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (O-774574) အထိ၊ ထိုမှ တောင်ဘက်သို့ ရေဝေတောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-772555) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေတောင်ကြောအတိုင်း ဝမ်လျှို-မိုင်းလန်းလမ်းအားဖြတ်၍ (၂) မိုင် (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၄၁၇၉) တောင်ထိပ်အနီး ခန့်မှန်းမြေပုံညွှန်း (O-741518) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ နမ့်လမ်ချောင်းနှင့် နမ့်ကွန်ချောင်းတို့၏ ရေဝေတောင်ကြောအတိုင်း (၂) မိုင် (၁) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၃၆၆၄) ၏တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (O-699525) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကုန်းအမှတ် (၃၇၀၀) အား ဖြတ်၍ ရေဝေတောင်ကြောအတိုင်း (၄) မိုင် (၄) ဖာလုံခန့်ဆင်းလာရာ နမ့်လမ်ချောင်းနှင့် သံလွင်မြစ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-634487) အထိ၊

အနောက်ဘက် ။ ။ ထိုမှ သံလွင်မြစ် အရှေ့ဘက်ကမ်းအတိုင်း မြောက်ဘက်သို့ (၃) မိုင် (၁) ဖာလုံခန့်လာရာ သံလွင်မြစ်နှင့် နမ့်ကွန်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-635535) အထိ၊ ထိုမှ သံလွင်မြစ် အရှေ့ဘက်ကမ်းအတိုင်း အနောက်မြောက်သို့ (၃) မိုင် (၅) ဖာလုံခန့်လာရာ နမ့်ပျဉ်ဟဲချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-577569) အထိ၊ ထိုမှ သံလွင်မြစ်အရှေ့ဘက်ကမ်း လူသွားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၃) မိုင် (၂) ဖာလုံခန့်လာရာ ဝမ်ဟွေရွာအနီး နမ့်ဟွေချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-540614) အထိ၊ ထိုမှ သံလွင်မြစ် အရှေ့ဘက်ကမ်းအတိုင်း မြောက်ဘက်သို့ (၂) မိုင် (၁) ဖာလုံခန့်လာရာ နမ့်ဖာရဲချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (O-534656) အထိ၊ ထိုမှ သံလွင်မြစ်အရှေ့ဘက်ကမ်းအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (O-538685) အထိ။

## ၂။ **သစ်တောကြိုးဝိုင်းအရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြိုးဝိုင်းအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ)

D:/Hla Nu/2019 Gazette/gazette (44) 21

အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းပျဉ်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မိုင်းပျဉ်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးယူဒေါင်<br>ဒေသခံတိုင်းရင်းသား၊ လွယ်မွန်းရွာ၊ လွယ်လုံကျေးရွာအုပ်စု၊ မိုင်းပျဉ်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးအေးကျော်<br>ဒေသခံတိုင်းရင်းသား၊ လွယ်မွန်းရွာ၊ လွယ်လုံကျေးရွာအုပ်စု၊ မိုင်းပျဉ်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးယာပါ<br>ဒေသခံတိုင်းရင်းသား၊ နောင်ပါရွာ၊ လွယ်လုံကျေးရွာအုပ်စု၊ မိုင်းပျဉ်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၉)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄,၅၄၈) ဧကရှိသောနယ်မြေကို "သီးမစ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ခိုဝယ်သွယ်ချောင်းဘေး၊ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၁၀၆၁) နေရာမှအစပြု၍ ချောင်းလက်တက်ငယ်အတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၄၃၀၆၅) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၅၀၀၆၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဗီဗားလ်ချောင်းကိုဖြတ်၍ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၆၆၀၇၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ သီးမစ်ချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၈၀၀၆၇) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ဗီဗားလ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၆၂၀၅၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဗီဗားလ်ချောင်းလက်တက်များကိုဖြတ်၍ (၁) မိုင် (၅) ဖာလုံခန့်လာရာ ချားလ်ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၈၀၄၁) အထိ၊ ထိုမှ ချားလ်ချောင်းလက်တက်အတိုင်း တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့် စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၄၀၀၂၁) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၄၅၀၂၂)

D:/Hla Nu/2019 Gazette/gazette (44) 22

အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း (၂) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဝ-၉၆၃၉၈၈) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ဟားခါး-ထန်တလန်ကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဝ-၉၅၄၉၈၂) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဝ-၉၅၁၉၈၂) အထိ၊ ထိုမှ တောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဝ-၉၄၂၉၉၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဝ-၉၂၂၉၉၉) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၇) ဖာလုံခန့်လာရာ လုံနုတ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၀၀၁၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ဟားခါး-ထန်တလန်ကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၁၈၀၂၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ချားလ်ချောင်းလက်တက် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၃၀၄၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခိုဝယ်သွယ်ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၁၀၅၃) အထိ၊ ထိုမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ မူလစတင်သည့် ခိုဝယ်သွယ်ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၁၀၆၁) အထိ။

## ချန်လှပ်ကွက် (၁) ဧရိယာ (၂၉. ၄၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ချားလ်ချောင်း၏ အရှေ့ဘက်ခြမ်း ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၅၀၅၃) နေရာမှအစပြု၍ ၎င်းချောင်းကိုဖြတ်ပြီး အရှေ့ဘက်သို့ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၆၀၅၃) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ချားလ်ချောင်း၏ ချောင်းလက်တက်ငယ်များကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၇၀၄၃) အထိ၊

တောင်ဘက် ။ ။ ထိုမှ ချားလ်ချောင်း၏အနောက်ဘက်ခြမ်းသို့ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၆၀၄၃) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၅၀၅၃) အထိ။

## ချန်လှပ်ကွက် (၂) ဧရိယာ (၂၄. ၁၂) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၈၀၁၆) နေရာမှအစပြု၍ ဆဖားချောင်းကိုဖြတ်ပြီး အရှေ့ဘက်သို့ (၁) ဖာလုံ (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၄၀၀၁၆) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ဆဖားချောင်း၏ တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၄၀၀၁၀) အထိ၊

တောင်ဘက် ။ ။ ထိုမှ ဆဖားချောင်းကိုဖြတ်ပြီး အနောက်ဘက်သို့ (၁) ဖာလုံ (၁) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၈၀၁၀) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ဆဖားချောင်း၏ မြောက်ဘက်သို့ (၂) ဖာလုံ (၈) သံကြိုးခန့်လာရာ မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၈၀၁၆) အထိ။

## ချန်လှပ်ကွက် (၃) ဧရိယာ (၄. ၄၃) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၈၀၁၇) နေရာမှအစပြု၍ အရှေ့ဘက်သို့ (၁) ဖာလုံ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၀၀၁၇) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၃) သံကြိုးခန့်လာရာ လုံနုတ်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၃၀၀၁၆) အထိ၊

D:/Hla Nu/2019 Gazette/gazette (44) 23

တောင်ဘက် ။ ။ ထိုမှ လုံနုတ်ချောင်း၏ အနောက်ဘက်သို့ (၁) ဖာလုံ (၂) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၈၀၁၆) အထိ၊

အနောက်ဘက် ။ ။ ထိုမှ လုံနုတ်ချောင်းလက်တက်အတိုင်း အနောက်မြောက်ဘက်သို့ (၄) သံကြိုးခန့်လာရာ မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်း (ဖဘ-၉၂၈၀၁၇) အထိ။

၃။ **တားမြစ်ချက်များ**

"သီးမစ်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုချက်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| (က) | တောင်သူ ဦးထန်ကျဲအို ပါ (၂၀) ဦးမှ မွေးမြူထားသော ကျွဲ (၄၀) ကောင်၊ နွား (၁၀၀) ကောင်၊ မြင်း (၂၈) ကောင်၊ စုစုပေါင်း (၁၆၈) ကောင်တို့အတွက် စားကျက်ချခွင့်နှင့် တစ်နှစ်လျှင် တစ်အိမ်ထောင် ထင်း (၁.၅) တန်နှုန်းဖြင့် ထင်း (၃၀) တန် ထုတ်ယူသုံးစွဲခွင့် ပြုပေးနိုင်ပါရန် တောင်းခံပါသည်။ | တောင်သူ ဦးထန်ကျဲအို ပါ (၂၀) ဦးမှ မွေးမြူထားသော ကျွဲ (၄၀) ကောင်၊ နွား (၁၀၀)ကောင်၊ မြင်း (၂၈) ကောင်၊ စုစုပေါင်း (၁၆၈) ကောင်တို့အတွက် စားကျက်ချခွင့်နှင့် တစ်နှစ်လျှင် တစ်အိမ်ထောင် ထင်း (၁.၅) တန်နှုန်းဖြင့် ထင်း (၃၀) တန်အား သတ်မှတ်မည့် ကြိုးပြင်ကာကွယ်တောအတွင်းမှ ထုတ်ယူသုံးစွဲခွင့်ပြုသည်။ |
| (ခ) | တောင်သူ ဦးကီလ်လွဲ ပါ (၇) ဦးမှ မွေးမြူထားသော ကျွဲ (၃၄) ကောင်တို့အတွက်စားကျက်ချခွင့်နှင့် တစ်နှစ်လျှင် တစ်အိမ်ထောင် ထင်း (၁.၅) တန်နှုန်းဖြင့် ထင်း (၁၀.၅) တန် ထုတ်ယူသုံးစွဲခွင့်ပြုပေးနိုင်ပါရန် တောင်းခံပါသည်။ | တောင်သူ ဦးကီလ်လွဲ ပါ (၇) ဦးမှ မွေးမြူထားသော ကျွဲ (၃၄) ကောင်တို့အတွက် စားကျက်ချခွင့်နှင့် တစ်နှစ်လျှင် တစ်အိမ်ထောင် ထင်း (၁.၅) တန်နှုန်းဖြင့် ထင်း (၁၀.၅) တန်အား သတ်မှတ်မည့် ကြိုးပြင်ကာကွယ်တောအတွင်းမှ ထုတ်ယူသုံးစွဲခွင့်ပြုသည်။ |

၅။ ဖော်ပြပါခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရကကြီးကြပ်နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် လယ်ယာဥယျာဉ်ခြံမြေများပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တော

D:/Hla Nu/2019 Gazette/gazette (44) 24

ဦးစီးဌာနက အခွန်ကောက်ခံခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးရမည် -

(က) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အမည်ဖော်ပြထားသူများသာ ခံစားခွင့်ရှိ၍ ၎င်းတို့မှ ဆင်းသက်လာသူများနှင့် မသက်ဆိုင်စေရ၊

(ခ) လုပ်ကိုင်ခွင့်ရရှိသည့် လယ်ယာဥယျာဉ်ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းချခြင်းမပြုရ၊

(ဂ) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်းဖြစ်၍ ရောင်းချခြင်းမပြုရ။

၆။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက် တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်၊ သီးမစ်ကြိုးပြင်ကာကွယ်တော (၄,၅၄၈) ဧက အတွင်းပါဝင်သည့် ချန်လှပ်ကွက် တစ်ခုချင်းအလိုက် မြေအသုံးချမှုစာရင်း**

| စဥ် | ချန်လှပ်ကွက် အမှတ် | ချန်လှပ်ကွက်၏ အလယ်ဗဟို ခန့်မှန်းမြေပုံညွှန်း | မြေအမျိုး အစား | ပါဝင်သူဦးရေ | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၁ | ဖဘ-၉၃၆၀၄၇ | လယ် | ဦးထန်ကျဲအို (ပါ) (၁၈) ဦး | ၂၉. ၄၀ | |
| ၂ | ၂ | ဖဘ-၉၃၉၀၁၃ | လယ် | ဦးချန်းဇမ် (ပါ) (၇) ဦး | ၂၄. ၁၂ | |
| ၃ | ၃ | ဖဘ-၉၂၉၀၁၅ | လယ် | ဦးထောင်းလျန်းအုပ် (ပါ) (၂) ဦး | ၄. ၄၃ | |
| | စုစုပေါင်း | | | | ၅၇. ၉၅ | |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ ( င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂,၃၀၀) ဧကရှိသောနယ်မြေကို "ရေကျော်-ဘိုကလေး ဒီရေတော ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ရေကျော်ကျေးရွာ၏အရှေ့မြောက်ဘက် (၁) မိုင် (၅) ဖာလုံခန့်လာရာ ပင်လယ်ပေါက် ချောင်းအစပ် ခန့်မှန်းမြေပုံညွှန်း (M-262468) မှအစပြု၍ အရှေ့ဘက်သို့ (၁) မိုင် ကျော်ခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (M-280468) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-280464) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-282458) အထိ၊ ထိုမှ တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-282451) အထိ၊ ထိုမှ အနောက် တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-277439) အထိ၊

D:/Hla Nu/2019 Gazette/gazette (44) 25

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-236424) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၄. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-235434) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-238442) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-257452) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (M-262468) အထိ။

၃။ **တားမြစ်ချက်များ**

"ရေကျော်-ဘိုကလေးဒီရေတောကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၉)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄၂,၂၅၀) ဧကရှိသောနယ်မြေကို "နမ့်နန်းကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

D:/Hla Nu/2019 Gazette/gazette (44) 26

## ၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ နမ့်လုံမြောက် ကြိုးပြင်ကာကွယ်တော နယ်နိမိတ်အနီး ခန့်မှန်းမြေပုံညွှန်း (LP-995567) မှ အစပြု၍ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၂) မိုင် (၄) ဖာလုံခန့်လာရာ မိုင်းတင်းချောင်းလက်တက်ဖျား ခန့်မှန်းမြေပုံညွှန်း (ML-035569) အထိ၊ ထိုမှ မိုင်းတင်းချောင်းလက်တက်အတိုင်း အရှေ့ဘက်သို့ (၃) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-097569) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-091540) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-103540) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-109563) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-133565) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ချောင်းလက်တက်ဖျား ခန့်မှန်းမြေပုံညွှန်း (ML-134548) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းလက်တက်အတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-120525) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ မိုင်းတင်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-130500) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၃) မိုင် (၂) ဖာလုံခန့်လာရာ လန်းဆတ်ချောင်းလက်တက်ဘေး ခန့်မှန်းမြေပုံညွှန်း (ML-110449) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-101447) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-087457) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-095460) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-082480) အထိ၊ ထိုမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-084487) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-099492) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-099497) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-095499) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-075486) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-069504) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-029509) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-029494) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-040491) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-029467) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-049450) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-061468) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-097440) အထိ၊ ထိုမှ တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ မိုင်းညင်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-103427) အထိ၊ ထိုမှ တောင်ဘက်သို့ မိုင်းညင်းချောင်းအတိုင်း (၁) မိုင်ခန့်လာရာ ချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (ML-095413) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ နမ့်နန်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-099402) အထိ၊

တောင်ဘက် ။ ။ ထိုမှ နမ့်နန်းချောင်းမကြီးအတိုင်း အနောက်တောင်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ နမ့်နန်းချောင်းလက်တက်ဘေး ခန့်မှန်းမြေပုံညွှန်း (ML-073383) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ နမ့်နန်းချောင်းလက်တက်အတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ နမ့်ပန်နွဲ့ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-048394) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့

D:/Hla Nu/2019 Gazette/gazette (44) 27

နမ့်ပန်ခွဲ့ချောင်းအတိုင်း (၁. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-045393) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-045398) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-032398) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ နမ့်ပန်ခွဲ့ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-031394) အထိ၊ ထိုမှ အနောက်ဘက်သို့ နမ့်ပန်ခွဲ့ချောင်းအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-003389) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်စောင်းအတိုင်း (၅) ဖာလုံခန့်လာရာ နမ့်ပန်လောင်ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-008398) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂. ၄) ဖာလုံခန့်လာရာ ပွေဟောင်ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (ML-003400) အထိ၊ ထိုမှ ပွေဟောင်ချောင်းအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ပွေဟောင်ချောင်းဖျားတောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း (LP-995430) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LP-975458) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LP-978506) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LP-983510) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ နမ့်လုံမြောက်ကြိုးပြင်ကာကွယ်တော နယ်နိမိတ်နေရာ ခန့်မှန်းမြေပုံညွှန်း (LP-973535) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နမ့်လုံမြောက်ကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း (၂) မိုင် (၃) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (LP-995567) အထိ။

၃။ **တားမြစ်ချက်များ**

"နမ့်နန်းကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံးလျက် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ပလွေးကြိုးဝိုင်းအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၄. ၅၀) ဧကရှိ မြေကို ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတော အမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ပလွေးကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ဒက္ခိဏ | လယ်ဝေး | ၂၄. ၅၀ (ပျဉ်ထောင် ကျေးရွာ ရွာမြေ) |
| | **စုစုပေါင်း** | | | | **၂၄. ၅၀** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ပျဉ်ထောင်ကျေးရွာမြေ (၂၄. ၅၀) ဧက၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ပလွေးကြိုးဝိုင်း၊ အကွက်အမှတ် (၁) အတွင်း ခန့်မှန်းမြေပုံညွှန်း (V-463912) နေရာမှ အစပြု၍ အရှေ့မြောက်ဘက်သို့ (၆) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (V-464913) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (V-465912) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၅) သံကြိုးခန့်လာရာ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၂၀၅/၁) အနီး ခန့်မှန်းမြေပုံညွှန်း (V-466913) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးနှင့် ယှဉ်လျက် အရှေ့တောင်ဘက်သို့ (၂) ဖာလုံ (၅) သံကြိုးခန့်လာရာ မိုင်တိုင်အမှတ် (၂၀၄/၆) အနီး ခန့်မှန်းမြေပုံညွှန်း (V-467908) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (V-466908) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၈) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (V-466907) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (V-465910) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (V-463911) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၇) သံကြိုးခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (V-463912) အထိ။

D:/Hla Nu/2019 Gazette/gazette (44) 29

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ပလွေးကြိုးဝိုင်းမှ ဧရိယာ (၂၄. ၅၀) ဧကအား ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု ပျဉ်ထောင်ကျေးရွာမြေနေရာမြေအဖြစ် သတ်မှတ်ပေးနိုင်ရေးအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်)

## ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄၀၆) ဧက (၂. ၂၀) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ "မှုန်တောင်ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေ" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EA-771056 မှအစပြု၍ အရှေ့မြောက်ယွန်းယွန်းသို့ (၁၀၈၅) ကိုက်ခန့်လာရာ (Ciareuva) ကြာရေအိုချောင်း၏ လက်တက်နှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း EA-781061 အထိ၊ ထိုမှ ချောင်းလက်တက်အတိုင်း အရှေ့မြောက်ဘက်သို့ (၇၃၀) ကိုက်ခန့်စုန်ဆင်းလာရာ ယခင်မိုးကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း EA-783065 အထိ၊ ထိုမှ မိုးကြိုးဝိုင်းနယ်နိမိတ်အတွင်း အရှေ့တောင်ယွန်းယွန်းသို့ (၁၆၃၅) ကိုက်ခန့်လာရာ (Khum rang) ခွမ်ရန်းချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း EA-799058 အထိ၊

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EA-799058 မှ အရှေ့တောင်ဘက်သို့ (၉၅၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EA-805054 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၈၇၀) ကိုက်ခန့်လာရာ စီလ်အင်ဗားချောင်းနှင့် ၎င်းချောင်း၏လက်တက်ငယ်လေးဆုံရာ ခန့်မှန်းမြေပုံညွှန်း EA-801046 အထိ၊

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EA-801046 မှ စီလ်အင်ဗားချောင်းအတိုင်း အနောက်ဘက်သို့ (၅၇၅) ကိုက်ခန့် ဆန်တက်လာရာ ချောင်းခွနေရာ ခန့်မှန်းမြေပုံညွှန်း EA-796046 အထိ၊ ထိုမှ ချောင်းလက်တက်အတိုင်း အနောက်တောင်ဘက်သို့ (၁၃၀၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EA-786038 အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁၀၂၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EA-776040 အထိ၊

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း EA-776040 မှ မြောက်ဘက်သို့ (၄၄၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EA-776043 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁၂၃၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း EA-769052 အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၆၀၀) ကိုက်ခန့်လာရာ မူလအစပြုသည့် ခန့်မှန်းမြေပုံညွှန်း EA-771056 အထိ။

**တားမြစ်ချက်များ**

၂။ မှုန်တောင်ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တည်ထောင်ရန် ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါတားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား တည်ရှိမှုတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်စေခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟားခါးခရိုင်၊ ချင်းပြည်နယ် — ဥက္ကဋ္ဌ

(ခ) လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဟားခါးခရိုင်၊ ချင်းပြည်နယ် — အဖွဲ့ဝင်

(ဂ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟားခါးမြို့နယ် — အဖွဲ့ဝင်

(ဃ) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဟားခါးမြို့နယ် — အဖွဲ့ဝင်

D:/Hla Nu/2019 Gazette/gazette (44) 31

(င) အုပ်ချုပ်ရေးမှူး၊ နတ်မတောင်အမျိုးသားဥယျာဉ် ကန်ပက်လက်မြို့နယ် — အဖွဲ့ဝင်

(စ) ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ် ဒါအိုချင်းကျေးရွာ — အဖွဲ့ဝင်

(ဆ) ဒေသခံတိုင်းရင်းသားပြည်သူကိုယ်စားလှယ် ဗန်းဟားကျေးရွာ — အဖွဲ့ဝင်

(ဇ) အစိုးရမဟုတ်သောအဖွဲ့အစည်း ကိုယ်စားလှယ် မှုန်တောင်ဧရိယာ ထိန်းသိမ်းစောင့်ရှောက်ရေးလူငယ်အဖွဲ့ — အဖွဲ့ဝင်

(ဈ) ဦးစီးအရာရှိ သစ်တောဦးစီးဌာန၊ ဟားခါးမြို့နယ် — အတွင်းရေးမှူး

၄။ **လုပ်ငန်းတာဝန်။** ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) မှုန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကို ပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း မှုန်တောင်ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းမည့် ဧရိယာအပါအဝင် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

D:/Hla Nu/2019 Gazette/gazette (44) 32

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၅၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ (လဝက-၁၅၂၆၁) ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင် သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ - ၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင် သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ - ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ - ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါဦးစီးမှူး (၄) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှ စတင်၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်သီသီနိုင် ၁၂/ဥကတ (နိုင်) ၀၂၃၈၄၁

(ခ) ဒေါ်ကေသွယ်မြင့် ၁၂/ဥကတ (နိုင်) ၀၀၂၅၀၃

(ဂ) ဦးမောင်မောင်အေး ၁၂/ဥကတ (နိုင်) ၀၁၅၄၃၇

(ဃ) ဒေါ်တင်ဇာနည်အေး ၈/ခမန (နိုင်) ၁၀၄၀၄၁

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလေး [၁၁/စတန (နိုင်) ၀၁၂၁၀၄] အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည်။

D:/Hla Nu/2019 Gazette/gazette (44) 33

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါဦးစီးမှူး (၂) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှစတင်၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်စန်းစန်းဌေး ၉/တသန (နိုင်) ၀၉၆၈၃၀

(ခ) ဦးဇော်မင်း ၁၂/သကတ (နိုင်) ၁၃၀၆၈၀

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၈၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၁၀) ၏ သဘောတူဆုံးဖြတ်ချက်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ကျောင်း၊ ဌာနများမှ အောက်ဖော်ပြပါ ကျောင်းအုပ်ကြီး (တာဝန်) /ဒုတိယကျောင်းအုပ်ကြီ (တာဝန်)/ဌာနမှူး (စီမံ/ဘဏ္ဍာ)/ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယှဉ်တွဲဖော်ပြပါအတိုင်း ကျောင်းအုပ်ကြီး/ဒုတိယကျောင်းအုပ်ကြီး/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၌ ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ဝန်ကြီးရုံးတွင် ၎င်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ နေရာများအလိုက် လစ်လပ်သည့်နေ့ရက်မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊<br>ဌာနခွဲ | တိုးမြှင့်တာဝန်ထမ်းဆောင်မည့်<br>ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (က) | ဒေါ်သက်မေဖော<br>ဆ/၃၀၉၃ | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ | လက်ထောက်အတွင်းဝန်/<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |

D:/Hla Nu/2019 Gazette/gazette (44) 56

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်တာဝန်ထမ်းဆောင်မည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (ခ) | ဦးစိုးကိုကို ဆ/၁၇၅၇ | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၈၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆလက/၄၃၇၉၂ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) ဒေါ်မြင့်မြင့်ဌေး အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈) ၏ သဘောတူညီချက်နှင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၉) ၏ ဆုံးဖြတ်ချက်တို့အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၉၁/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၄) မန္တလေးမှ ကိုယ်ပိုင်အမှတ် ဆ/၁၇၈၉ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးအောင် အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနရှိ တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲတွင် လစ်လပ်မည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးနေရာသို့ လစ်လပ်သည့်နေ့ရက်မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၉၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော် အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ သာမန်နှင့်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲမည့် အိမ်တော်များတွင် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်နှင့် မြေယာရှုခင်းဆိုင်ရာလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် တာဝန်ပေးဆောင်ရွက်ရန်အတွက် **တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) တင်ဒါကော်မတီ**

(၁) ဦးဝင်းတင့် ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးမောင်မောင်အုန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး၊ အိမ်တော်များဌာနကြီး

(၃) ဦးမင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (မြို့ပြ)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၅) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၆) ဦးကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၇) ဦးရွှေဝင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

## (ခ) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

(၁) ဦးရွှေဝင်း — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၂) နိုင်ငံတော်သမ္မတရုံး — အဖွဲ့ဝင်
အိမ်တော်များဌာနကြီးမှ ကိုယ်စားလှယ် (၁) ဦး

(၃) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၄) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၅) ဦးကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၆) သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး (၁) ဦး — အတွင်းရေးမှူး
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

## (ဂ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ

(၁) ဦးရွှေဝင်း — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

D:/Hla Nu/2019 Gazette/gazette (44) 58

(၂) နိုင်ငံတော်သမ္မတရုံး — အဖွဲ့ဝင်
အိမ်တော်များဌာနကြီးမှ ကိုယ်စားလှယ် (၁) ဦး

(၃) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၄) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၅) ဦးကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၆) သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး (၁) ဦး — အတွင်းရေးမှူး
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) ဦးရွှေဝင်း — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၂) နိုင်ငံတော်သမ္မတရုံး — အဖွဲ့ဝင်
အိမ်တော်များဌာနကြီးမှ ကိုယ်စားလှယ် (၁) ဦး

(၃) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၄) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၅) ဦးကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

(၆) သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး (၁) ဦး — အတွင်းရေးမှူး
လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်များ

(၁) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း တို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်း၊

D:/Hla Nu/2019 Gazette/gazette (44) 59

(၄) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(၅) နည်းပညာမြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(၇) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(၉) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(၁၂) ပစ္စည်းတန်ဖိုးအားလုံးအတွက် ဒေသန္တရဈေးနှုန်းသည် စာရင်းစစ်ချုပ်ရုံးက စစ်ဆေးလက်ခံမည့် ဈေးနှုန်းဖြစ်၍ လုပ်အားခနှင့် လုပ်ငန်းရှင်ဝန်ဆောင်မှုစရိတ်ပေါ်တွင် ရာခိုင်နှုန်းအနည်းဆုံး တောင်းခံသူ ဦးစားပေးရန်၊

(၁၃) ကုမ္ပဏီအကြီးအငယ် ခွဲခြားမှုမပြုဘဲ ကတိကဝတ် အာမခံချက်နှင့် အရည်အသွေး စစ်ဆေးသည့်နည်းတို့ဖြင့် မှန်ကန်စွာ ရွေးချယ်ရန်။

**(ခ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(က) အဆိုပြုလွှာများမှကြမ်းခင်းဈေးထက်မြင့်သော တင်ဒါများအား ပယ်ဖျက်ခြင်း၊

(ခ) အဆိုပြုလွှာများမှ ကြမ်းခင်းဈေးနှင့် ကိုက်ညီသော တင်ဒါများအား ရွေးချယ်၍ တင်ဒါဖွင့်ပွဲတွင် ယှဉ်ပြိုင်စေခြင်း၊

(ဂ) ကုမ္ပဏီများတွင်ပါဝင်သော Professional Engineer၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏ အတွေ့အကြုံများကို စစ်ဆေးခြင်း၊

(ဃ) ကုမ္ပဏီ၏ စက်/ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စစ်ဆေးခြင်း၊

(င) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေကို စိစစ်ခြင်း၊

(စ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊ လုံခြုံရေးအရ ယုံကြည်စိတ်ချရသော ကုမ္ပဏီများအား ရွေးချယ်ခြင်း၊

(ဆ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း၊ (ရှိလျှင်)

(ဇ) နေပြည်တော်တွင် ရုံးချုပ်/ရုံးခွဲ အခြေစိုက်ဖွင့်လှစ်ထားမှု ရှိ မရှိ စိစစ်ခြင်း၊

(ဈ) လုံခြုံရေးအရ ယုံကြည်စိတ်ချရမှု ရှိ မရှိ စိစစ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

**(ဂ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်မှာ** ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြရမည်။

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါကပစ္စည်းများကိုစမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒုတိယဦးစီးမှူး (၃) ဦးနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁) ဦး၊ စုစုပေါင်း (၄) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ ရာထူးသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်အပ်လိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ နေရာ |
|---|---|---|
| (က) | ဦးရဲမြင့်မောင် ဆလက/၄၆၃၉၄ | ဒုတိယဦးစီးမှူး ဦးစီးရုံး |
| (ခ) | ဒေါ်အေးအေးနွယ် ဆလက/၄၆၀၀၇ | ဒုတိယဦးစီးမှူး စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (ဂ) | ဒေါ်နွယ်နွယ်လှိုင် ဆလက/၄၆၄၀၀ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဦးစီးရုံး |
| (ဃ) | ဒေါ်ဒီဇင်ဘာထွေး ဆလက/၄၆၀၀၀ | ဒုတိယဦးစီးမှူး စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

အမှတ် ၁၂၆ ။ ။ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ/ဒုတိယပြည်နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး/ပြည်နယ်ဥပဒေအရာရှိ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါက်တာ ကေသီအေး ဥ/၂၅၁၃ | ဒုတိယညွှန်ကြားရေးမှူး စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူး အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂။ | ဦးအေးသိန်း ဥ/၂၃၈၇ | ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေအရာရှိ ချင်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၃။ | ဦးသန့်ဇင် (ခ) ဦးကျော်သူဟိန်း ဥ/၂၅၃၅ | ဒုတိယညွှန်ကြားရေးမှူး စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူး အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၄။ | ဒေါ်ဂျေခါးတောင် ဥ/၁၈၅၅ | ဒုတိယပြည်နယ်ဥပဒေအရာရှိ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေအရာရှိ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၅။ | ဒေါ်သီတာလွင် ဥ/၂၁၈၈ | ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေအရာရှိ ကယားပြည်နယ်ဥပဒေချုပ်ရုံး |

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

အမှတ် ၁၂၉ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းထွဋ် ဥ/၂၀၇၅ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

D:/Hla Nu/2019 Gazette/gazette (44) 62

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်တွင်းအခွန်များဦးစီးဌာန

**လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ် (၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

**သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသည့် သို့မဟုတ် မှန်ကန်စွာ ကပ်နှိပ်ထားခြင်းမရှိသည့် သို့မဟုတ် လွဲမှားစွာကပ်နှိပ်ထားသည့် အထူးကုန်စည်များကို အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များအဖြစ် သတ်မှတ်ခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အထူးကုန်စည်ခွန်နည်းဥပဒေများ၊ နည်းဥပဒေ ၆၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များတွင် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် သို့မဟုတ် မှန်ကန်စွာကပ်နှိပ်ထားခြင်းမရှိသည့် သို့မဟုတ် လွဲမှားစွာကပ်နှိပ်ထားသည့် အထူးကုန်စည်များကို **အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များအဖြစ်** သတ်မှတ်အရေးယူဆောင်ရွက်မည်ကို ရှင်းလင်းစွာ သိရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန် ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များတွင် သတ်မှတ်ချက်များနှင့်အညီ **အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် သို့မဟုတ် မှန်ကန်စွာကပ်နှိပ်ထားခြင်းမရှိသည့် သို့မဟုတ် လွဲမှားစွာကပ်နှိပ်ထားသည့် အထူးကုန်စည်များ** နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ကျင့်သုံးဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းထုတ်ပြန်ခြင်းဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များကို ပြည်တွင်းသို့တင်သွင်းသူ၊ ထုတ်လုပ်ရောင်းချသူ၊ ပြည်ပသို့တင်ပို့သူ အခွန်ထမ်းများနှင့် လက်ဝယ်ရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာတို့ပါ ပြဋ္ဌာန်းချက်များ**

၄။ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာတို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည် -

(က) အထူးကုန်စည်ခွန်ဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊

D:/Hla Nu/2019 Gazette/gazette (44) (II) 1

ပုဒ်မခွဲငယ် (၃) ၏ ရှင်းလင်းချက် (က) နှင့် (ခ) တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

(၁) ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ ရှင်းလင်းချက် (က)။ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချရန် သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ထားခြင်းမရှိသည့် အထူးကုန်စည်များ၊

(၂) ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ ရှင်းလင်းချက် (ခ)။ ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ လက်ဝယ်ရှိအထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ တင်သွင်းထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်တင်သွင်းသူထံမှ ဝယ်ယူထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်ထုတ်လုပ်သူ၊ ထုတ်ယူသူထံမှဝယ်ယူခြင်းအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် အထူးကုန်စည်များ။

(ခ) အထူးကုန်စည်ခွန်နည်းဥပဒေများ၊ နည်းဥပဒေ ၂၅ တွင် "ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ်များကပ်နိုပ်ရောင်းချစေခြင်းသည် ရောင်းချသည့်ကုန်စည်၏ အရောင်းတန်ဖိုးတွင် အခွန်အပါအဝင်ဖြစ်ကြောင်း အထောက်အထားဖြစ်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၃/၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၉/၂၀၁၇ တို့ဖြင့် အောက်ပါအထူးကုန်စည်များကို အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချရမည့် အထူးကုန်စည်များအဖြစ် ထုတ်ပြန်သတ်မှတ်ထားပါသည် -

(၁) စီးကရက်အမျိုးမျိုး၊
(၂) အရက်အမျိုးမျိုး၊
(၃) ဝိုင်အမျိုးမျိုး
(၄) ဆေးပေါ့လိပ်အမျိုးမျိုး၊
(၅) ဆေးပြင်းလိပ်အမျိုးမျိုး။

(ဃ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရန် ပျက်ကွက်ခြင်းတို့အတွက် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

(၁) **ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)။** အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊

(၂) **ပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ)။** အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချစေရမည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နိုပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ထုတ်လုပ်သူက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

## လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်

၅။ အထူးကုန်စည်ခွန်ဥပဒေ၏ ရည်ရွယ်ချက်အရ အခွန်ထမ်းဆောင်သူလုပ်ငန်းရှင်များထံမှ နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိစေရေး၊ အခွန်လွတ်ကင်းမှုမရှိစေရေးတို့အတွက် အထူးကုန်စည်ကို ထုတ်လုပ်စဉ်၊ တင်သွင်းစဉ်တွင် ထုတ်လုပ်သူ၊ တင်သွင်းသူထံမှ တိုက်ရိုက်ကောက်ခံခြင်းဖြစ်ပါသည်။ အထူးကုန်စည်ထုတ်လုပ်ရောင်းချသူများအနေဖြင့် မိမိတို့ထုတ်လုပ်သည့် ကုန်စည်အမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် ထုတ်လုပ်ရောင်းချသည့်ကုန်စည်ပမာဏပေါ်တွင် ကျသင့်အခွန်ငွေကို လစဉ်ပေးသွင်းရမည်ဖြစ်ပါသည်။ ကုန်စည်တင်သွင်းသူများအနေဖြင့်လည်း ကုန်စည်ကို ရွေးယူခြင်းမပြုမီ အကောက်ခွန်နှင့်အတူ တစ်ပါတည်းပေးဆောင်ရပါမည်။

၆။ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ထားခြင်းမရှိသော သို့မဟုတ် မှန်ကန်စွာ ကပ်နိုပ်မထားသော သို့မဟုတ် လွဲမှားစွာကပ်နိုပ်ထားသောအထူးကုန်စည်များကို

D:/Hla Nu/2019 Gazette/gazette (44) (II) 2

ဝယ်ယူခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း သို့မဟုတ် ရရှိပိုင်ဆိုင်ခြင်းများ မပြုလုပ်ကြရန် လိုအပ်ပါသည်။ ယင်းသို့မဟုတ်ပါက အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ဒဏ်ကြေးငွေကို ပေးဆောင်ရမည့်အပြင် ယင်းအထူးကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရပါမည်။ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်ပျက်ကွက်သော ကုန်စည်ထုတ်လုပ်သူသည် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) အရ အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည်။

၇။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည် -

(က) **နမူနာ-၁**

(၁) **ဖြစ်စဉ်။** **A** ကုမ္ပဏီသည် Liquor (Moon) အရက်နှင့် Liquor (Sun) အရက် ၂ မျိုး ထုတ်လုပ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် Liquor (Moon) ၁၀၀၀ ကျပ်တန် ၁ လီတာပုလင်းအတွက် တန်ဖိုးအဆင့်သတ်မှတ်ချက်အရ ကျသင့်အထူးကုန်စည်ခွန် ၁၂၂ ကျပ်၊ Liquor (Sun) ၂၅၀၀ ကျပ်တန် ၁ လီတာပုလင်းအတွက် တန်ဖိုးအဆင့်သတ်မှတ်ချက်အရ ကျသင့်အထူးကုန်စည်ခွန် ၆၀၉ ကျပ်ဖြစ်ပါသည်။ ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဧပြီလအတွင်း Liquor (Moon) ၁ လီတာပုလင်း ၁၀၀,၀၀၀ နှင့် Liquor (Sun) ၁ လီတာပုလင်း ၂၀၀,၀၀၀ ထုတ်လုပ်၍ ဦးဖြူထံသို့ ရောင်းချပါသည်။

**ကုမ္ပဏီက ထုတ်လုပ်ရောင်းချမှုအရ အမှန်တကယ်ပေးဆောင်ရမည့် အထူးကုန်စည်ခွန်**

| | | |
|---|---|---|
| အရက် ၁ လီတာပုလင်း ၁၀၀,၀၀၀ × ၁၂၂ ကျပ် | = | ၁၂,၂၀၀,၀၀၀ ကျပ် |
| အရက် ၁ လီတာပုလင်း ၂၀၀,၀၀၀ × ၆၀၉ ကျပ် | = | ၁၂၁,၈၀၀,၀၀၀ ကျပ် |
| **စုစုပေါင်း ကျသင့်အထူးကုန်စည်ခွန်** | = | **၁၃၄,၀၀၀,၀၀၀ ကျပ်** |

**အခွန်အမှတ်တံဆိပ်လွဲမှားစွာကပ်နှိပ်မှုအရ ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်**

| | | |
|---|---|---|
| အရက် ၁ လီတာပုလင်း ၁၀၀,၀၀၀ × ၆၀၉ ကျပ် | = | ၆၀,၉၀၀,၀၀၀ ကျပ် |
| အရက် ၁ လီတာပုလင်း ၂၀၀,၀၀၀ × ၁၂၂ ကျပ် | = | ၂၄,၄၀၀,၀၀၀ ကျပ် |
| **စုစုပေါင်း ပေးသွင်းသည့်အထူးကုန်စည်ခွန်** | = | **၈၅,၃၀၀,၀၀၀ ကျပ်** |

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဦးဖြူသည် A ကုမ္ပဏီထံမှ ဝယ်ယူသယ်ဆောင်လာစဉ် မျှော၊ Tax Certificate၊ ပုံစံ ပတခ (ကသခ)-၃၁၊ ပုံစံ ပတခ (အထခ)-၂၀ တို့ကို တောင်းခံရမည့်အပြင် အထူးကုန်စည်ခွန် အခွန်အမှတ်တံဆိပ် မှန်ကန်စွာ ကပ်နှိပ်ထားခြင်း ရှိ မရှိ စိစစ်ရန် လိုအပ်ပါသည်။ အထက်ပါအတိုင်း အခွန်အမှတ်တံဆိပ်လွဲမှားစွာ ကပ်နှိပ်ထားသည့် အထူးကုန်စည်များကို ဝယ်ယူသယ်ဆောင်လာစဉ် အထူးကုန်စည်ခွန် ရှာဖွေသိမ်းဆည်းရေးအဖွဲ့က စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသောကုန်စည်အဖြစ် မှတ်ယူသိမ်းဆည်း၍ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂ (ဂ) နှင့် ၂၂ (စ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ လက်ဝယ်ရှိသူ ဦးဖြူနှင့် ထုတ်လုပ်သူ **A** ကုမ္ပဏီတို့သည် ဒဏ်ကြေးငွေတပ်ရိုက်ခြင်းခံရမည် ဖြစ်ပါသည်။

(၃) **ဒဏ်ကြေးငွေများ တွက်ချက်ခြင်း**

အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) အရ ဦးဖြူအနေဖြင့် ပျက်ကွက်မှုအတွက် ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သည့် အောက်ပါဒဏ်ကြေးငွေပမာဏကို ပေးဆောင်ရမည်ဖြစ်ပါသည် -

အရက် ၁ လီတာပုလင်း ၁၀၀,၀၀၀ × ၁ ပုလင်း တန်ဖိုး ၁၀၀၀ ကျပ် = ၁၀၀,၀၀၀,၀၀၀ ကျပ်

အရက် ၁ လီတာပုလင်း ၂၀၀,၀၀၀ × ၁ ပုလင်း တန်ဖိုး ၂၅၀၀ ကျပ် = ၅၀၀,၀၀၀,၀၀၀ ကျပ်

**စုစုပေါင်း ပေးဆောင်ရမည့်ဒဏ်ငွေ = ၆၀၀,၀၀၀,၀၀၀ ကျပ်**

D:/Hla Nu/2019 Gazette/gazette (44) (II) 3

အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (စ) အရ **A** ကုမ္ပဏီအနေဖြင့် ပျက်ကွက်မှုအတွက် ယင်းကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် အောက်ပါဒဏ်ကြေးငွေပမာဏကို ပေးဆောင်ရမည်ဖြစ်ပါသည် -

အရက် ၁ လီတာပုလင်း ၁၀၀,၀၀၀ × ၁ ပုလင်း တန်ဖိုး ၁၀၀၀ ကျပ် × ၅၀% = ၅၀,၀၀၀,၀၀၀ ကျပ်

အရက် ၁ လီတာပုလင်း ၂၀၀,၀၀၀ × ၁ ပုလင်း တန်ဖိုး ၂၅၀၀ ကျပ် × ၅၀% = ၂၅၀,၀၀၀,၀၀၀ ကျပ်

**စုစုပေါင်း ပေးဆောင်ရမည့်ဒဏ်ငွေ = ၃၀၀,၀၀၀,၀၀၀ ကျပ်**

(ခ) **နမူနာ - ၂**

(၁) **ဖြစ်စဉ်။** **A** ကုမ္ပဏီသည် အထူးကုန်စည်ခွန် အခွန်အမှတ်တံဆိပ်များလျော့နည်းစွာ သို့မဟုတ် လွဲမှားစွာ ကပ်နှိပ်၍ ထုတ်လုပ်ရောင်းချခဲ့သည့်အတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂(စ) အရ ပြစ်ဒဏ်တပ်ရိုက်ခံခဲ့ရပြီးဖြစ်သည်။ ဘဏ္ဍာနှစ်အတွင်း အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို လစဉ်ပေးဆောင်ခဲ့သော်လည်း အခွန်အမှတ်တံဆိပ် လွဲမှားစွာ ကပ်နှိပ်၍ ထုတ်လုပ်ရောင်းချခဲ့သည့် အချက်အလက်များအတိုင်း အထူးကုန်စည်ခွန် သုံးလပတ် ကြေညာလွှာတင်သွင်းကြောင်း၊ ဘဏ္ဍာနှစ်ကုန်ဆုံးပြီးနောက် တင်သွင်းသည့် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာနှင့် ဝင်ငွေကြေညာလွှာတို့တွင်လည်း အဆိုပါလွဲမှားသည့် စာရင်းအချက်အလက်များတင်သွင်းခဲ့ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးမှ အပြီးသတ်စည်းကြပ်မှုဆောင်ရွက်ချိန်တွင်လည်းကောင်း၊ ကုမ္ပဏီသို့ အခွန်စာရင်းစစ်ဆေးချိန် သို့မဟုတ် သက်ဆိုင်ရာအဖွဲ့များမှ ဝင်ရောက်စစ်ဆေးချိန်တွင်လည်းကောင်း စိစစ်တွေ့ရှိခဲ့သည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** **A** ကုမ္ပဏီအနေဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးက အပြီးသတ်စည်းကြပ်မှုဆောင်ရွက်ချိန် သို့မဟုတ် ကုမ္ပဏီသို့ အခွန်စာရင်းစစ်ဆေးချိန် သို့မဟုတ် သက်ဆိုင်ရာအဖွဲ့များမှ ဝင်ရောက်စစ်ဆေးချိန်၌ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ ပါ ပုဒ်မခွဲတစ်ခုခုအရ ဒဏ်ကြေးပေးဆောင်ပြီးဖြစ်သော်လည်း အထူးကုန်စည်ခွန် သုံးလပတ်အလိုက် စည်းကြပ်မှုခံယူရာတွင် အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍ စာရင်းများမှန်ကန်စွာတင်ပြခြင်းမရှိခဲ့သည့်အတွက်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် တင်သွင်းသည့်နှစ်ချုပ်ကုန်ရောင်းကြေညာလွှာနှင့် ဝင်ငွေကြေညာလွှာတို့တွင်လည်း စာရင်းများပြည့်စုံမှန်ကန်စွာတင်သွင်းရန် ပျက်ကွက်ခဲ့သည့်အတွက်လည်းကောင်း အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၉၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၇ နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၁ တို့အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုခံရမည် ဖြစ်ပါသည်။ ထို့ပြင် အထက်ပါပျက်ကွက်မှုများအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၃၊ ၂၄ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၂၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၇ တို့ပါ ပြဋ္ဌာန်းချက်များအရ **A** ကုမ္ပဏီသည် ဒဏ်ကြေးငွေတပ်ရိုက်ခြင်းခံရမည်ဖြစ်ပြီး တရားစွဲဆိုခြင်းခံရဖွယ်ရှိပါသည်။

(ဂ) **နမူနာ - ၃**

(၁) **ဖြစ်စဉ်။** ဦးဘသည် အဖျော်ယမကာမျိုးစုံစတိုး **(liquor house)** ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်ပြီး ၎င်းပိုင်ဆိုင်သောဆိုင်တွင် အရက်ပုလင်းများကိုရောင်းချလျက်ရှိသည်။ ရှာဖွေသိမ်းဆည်းရေးအဖွဲ့က ဦးဘ၏အရောင်းဆိုင် သို့မဟုတ် သိုလှောင်ရုံတွင် သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်ပုလင်းများ လက်ဝယ်ထားရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

(၂) **လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ဦးဘသည် အရက်ပုလင်းများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း ရှိ မရှိ သို့မဟုတ် မှန်ကန်စွာကပ်နှိပ်ထားခြင်း ရှိ မရှိ သို့မဟုတ် လွဲမှားစွာကပ်နှိပ်ထားခြင်း ရှိ မရှိ စိစစ်ပြီးမှ ဝယ်ယူ၍ သိုလှောင်ခြင်း/ရောင်းချခြင်း ဆောင်ရွက်သင့်ပါသည်။ သတ်မှတ်ချက်များနှင့်အညီ အခွန် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း မရှိသည့် အရက်ပုလင်းများကို ရှာဖွေသိမ်းဆည်းရေးအဖွဲ့က ဦးဘ၏အရောင်းဆိုင် သို့မဟုတ် သိုလှောင်ရုံတွင် စစ်ဆေးတွေ့ရှိပါက ဦးဘသည် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိသူဖြစ်သည့်အတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) အရ ကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းပေးဆောင်ရမည့် အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ပါသည်။ အရက် ကုန်စည်ထုတ်လုပ်သူ

D:/Hla Nu/2019 Gazette/gazette (44) (II) 4

အနေဖြင့်လည်း အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (စ) အရ သတ်မှတ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့်အထူးကုန်စည် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ပါသည်။

၈။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၇၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/ စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ငြိမ်းငြိမ်းအေး | ၈၃၃၉ | မိုးညှင်း | ဗန်းမော် |
| ၂။ | ဦးဝင်းကြိုင် | ၈၅၉၄ | မြစ်ကြီးနားခရိုင် | ဖားကန့် |
| ၃။ | ဒေါ်စန်းစန်းမြင့် | ၉၄၅၃ | ဖယ်ခုံ | ကယားပြည်နယ် |
| ၄။ | ဒေါ်နီနီစိုး | ၉၄၁၁ | စစ်ဆေးရေးဦးစီးဌာန | ချင်းပြည်နယ် (ရုံးအဖွဲ့) |
| ၅။ | ဒေါ်မြမြနှင်း | ၈၅၂၆ | စစ်ကိုင်းတိုင်းဒေသကြီး | ချင်းပြည်နယ် |
| ၆။ | ဦးအောင်ဝင်းထွန်း | ၉၁၆၆ | ကသာခရိုင် | တွန်းဇံ |
| ၇။ | ဦးမြင့်ချို | ၇၄၃၆ | မာန်အောင် | ပလက်ဝ |
| ၈။ | ဦးဇော်မင်း | ၈၇၄၈ | မတ္တရာ | ထန်တလန် |
| ၉။ | ဒေါ်ဆွေဆွေမြင့် | ၈၃၈၈ | နွားထိုးကြီး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဒေါ်ချိုချိုသန့် | ၉၈၀၉ | ရန်ကုန်တိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဒေါ်စမ်းစမ်းဝင်း | ၈၇၄၆ | ဝန်းသို | ပင်လည်ဘူး |
| ၁၂။ | ဒေါ်ဖြူဖြူမြင့် | ၈၉၁၀ | စစ်ဆေးရေးဦးစီးဌာန | အရာတော် |
| ၁၃။ | ဒေါ်အေးအေးခိုင် | ၅၅၇၆ | သာယာဝတီခရိုင် | ဆားလင်းကြီး |
| ၁၄။ | ဒေါ်သော်တာမြင့် | ၈၈၀၉ | ရန်ကုန်တိုင်းဒေသကြီး | ခင်ဦး |
| ၁၅။ | ဒေါ်နီနီဝင်း | ၇၃၈၃ | ဘားအံခရိုင် | သရက်ချောင်း |
| ၁၆။ | ဒေါ်မြင့်မြင့်သန်း | ၈၃၂၆ | ရန်ကုန်တိုင်းဒေသကြီး | မြိတ် |
| ၁၇။ | ဒေါ်သီတာဦး | ၇၈၄၈ | သထုံ | ပဲခူးတိုင်းဒေသကြီး |
| ၁၈။ | ဒေါ်ဒိုင်းခင် | ၇၅၇၂ | ရန်ကုန်တိုင်းဒေသကြီး | မင်းလှ (ပဲခူး) |
| ၁၉။ | ဒေါ်မြမြစန်း | ၈၇၉၉ | ရွှေတောင် | မကွေးတိုင်းဒေသကြီး |
| ၂၀။ | ဦးခင်မောင်ဌေး | ၈၅၅၆ | ပွင့်ဖြူ | ဆော |
| ၂၁။ | ဒေါ်သန်းသန်းအေး | ၈၀၆၈ | ရွှေကျင် | မြို့သစ် |
| ၂၂။ | ဒေါ်မိုးသီတာအောင် | ၈၃၅၃ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ |

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၂၃။ | ဒေါ်မာမာမွန် | ၉၂၁၂ | ကျောက်ဆည် | ချမ်းမြသာစည် |
| ၂၄။ | ဒေါ်မြင့်ဝင်း | ၉၃၄၂ | အုတ်ဖို | နွားထိုးကြီး |
| ၂၅။ | ဒေါ်တင်ဝင်း | ၈၂၀၇ | မရမ်းကုန်း | မွန်ပြည်နယ် (ရုံးအဖွဲ့) |
| ၂၆။ | ဒေါ်စပယ် | ၈၉၈၉ | မအူပင် | ကျောက်တော် |
| ၂၇။ | ဒေါ်အေးအေးမြင့် | ၈၈၂၁ | ပဲခူးတိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |
| ၂၈။ | ဒေါ်စိုးမိုးသူ | ၉၀၁၇ | ပဲခူးတိုင်းဒေသကြီး | ဆိပ်ကြီးခနောင်တို |
| ၂၉။ | ဒေါ်စုစုလှိုင် | ၉၁၃၃ | မင်းလှ | သုံးခွ |
| ၃၀။ | ဒေါ်သီတာအောင် | ၇၆၉၇ | လှည်းကူး | အလုံ |
| ၃၁။ | ဒေါ်အေးမိမိကို | ၉၄၈၆ | မြစ်သား | နမ့်ဆန် (မြောက်) |
| ၃၂။ | ဦးဝင်းနိုင် | ၇၄၇၃ | တောင်ကြီး | မန်တုံ |
| ၃၃။ | ဒေါ်အေးအေးခိုင် | ၁၀၃၁၃ | ပြင်ဦးလွင်ခရိုင် | နမ့်ခမ်း |
| ၃၄။ | ဒေါ်နော်ဖရီးစီးလာရွှေ | ၈၃၉၀ | လားရှိုးခရိုင် | မိုးနဲ |
| ၃၅။ | ဒေါ်ဖြူဖြူသန်း | ၈၈၄၁ | တောင်ကြီးခရိုင် | လဲချား |
| ၃၆။ | ဒေါ်ခင်သူဇာဝင်း | ၉၉၄၁ | မြန်အောင် | ဘိုကလေး |
| ၃၇။ | ဒေါ်စန်းစန်းမော် | ၉၁၁၁ | မြောင်းမြခရိုင် | အိမ်မဲ |
| ၃၈။ | ဒေါ်ယုဇန | ၁၀၉၅၈ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ |
| ၃၉။ | ဒေါ်စိမ်းဝါရှိန် | ၁၀၀၈၉ | စစ်ဆေးရေးဦးစီးဌာန | ရုံးအဖွဲ့ (မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစစ်ဆေးရေးဌာနခွဲ) |
| ၄၀။ | ဒေါ်ယဉ်ယဉ်မိုး | ၈၀၂၃ | ပျဉ်းမနား | လယ်ဝေး |

နိုင်သက်ဦး၊
အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

## မြန်မာနိုင်ငံစာရင်းကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

### စာရင်းပညာရှင်များ လိုက်နာကျင့်သုံးရမည့် နိုင်ငံတကာကျင့်ဝတ်များ ပြဋ္ဌာန်းခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ စာရင်းပညာရှင်များသည် ယင်းဥပဒေအရ ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာများအပြင် International Federation of Accountants (IFAC) အောက်ရှိ International Ethics Standards Board for Accountants (IESBA) ၏ စာရင်းပညာရှင်များအတွက် နိုင်ငံတကာ ကျင့်ဝတ်များ (International Code of Ethics for Professional Accountants) ကိုပါ လိုက်နာကျင့်သုံးရမည် ဖြစ်ပြီး IESBA က အခါအားလျော်စွာ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းများကို အချိန်နှင့် တစ်ပြေးညီ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

နိုင်သက်ဦး၊
အတွင်းရေးမှူး၊
မြန်မာနိုင်ငံစာရင်းကောင်စီ။

D:/Hla Nu/2019 Gazette/gazette (44) (II) 6

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဂရင်းကော်ပိုရေးရှင်း ကုမ္ပဏီလီမိတက်

### (GREEN CORPORATION COMPANY LIMITED)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများ အားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂရင်းကော်ပိုရေးရှင်း ကုမ္ပဏီလီမိတက် (GREEN CORPORATION COMPANY LIMITED)** အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်မောင် [နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်-၁၂/မဂတ (နိုင်) ၀၃၆၄၇၉] [B.A, CPA, R.A, I.C.M.A, PART II (LONDON)] လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

KYAWT MG

[B.A, CPA, R.A, I.C.M.A, PART II (LONDON)]

Certified Public Accountant & Auditor

## အန်းနဂရင်းဖန် ကုမ္ပဏီလီမိတက်
## (ANNAS GREEN FARM COMPANY LIMITED)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများ အားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အန်းနဂရင်းဖန် ကုမ္ပဏီလီမိတက် (ANNAS GREEN FARM COMPANY LIMITED)** အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် [နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်-၁၂/မဂတ (နိုင်) ၀၃၆၄၇၉] [B.A, CPA, R.A, I.C.M.A, PART II (LONDON)] လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

KYAWT MG
[B.A, CPA, R.A, I.C.M.A, PART II (LONDON)]
Certified Public Accountant & Auditor

## ကမ္ဘာမြေ ကွန်ပျူတာစနစ် ကုမ္ပဏီလီမိတက်
## (Earth Computer Systems Company Limited)

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ကမ္ဘာမြေ ကွန်ပျူတာစနစ် ကုမ္ပဏီလီမိတက် (Earth Computer Systems Company Limited)** အား (၂၅. ၁၀. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်နွဲ့ယဉ်ဝင်း (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဇာမြင့်
ဒါရိုက်တာ
ကမ္ဘာမြေ ကွန်ပျူတာစနစ် ကုမ္ပဏီလီမိတက်

ဒေါ်နွဲ့ယဉ်ဝင်း
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

D:/Hla Nu/2019 Gazette/gazette (44) (IV) 2

In The Metter of Myanmar Company Act

**KOL GLOBAL CONSTRUCTION MACHINERY COMPANY LIMITED**

(Reg-No.2623/2011-2012)

COMPANY LIQUIDATION

VOLUNTARY LIQUIDATION OF

Notice is here by given that the Final General Meeting will be held at No. 45, Shwe Myo Taw Pagoda Road, Yangon Industrial Zone, Mingalardon Township, Yangon, Myanmar on 15th November 2019, 11:00 am for the purpose of laying before at an account of the winding up.

No claim or claim what so ever against the company will be entertained after 15th November 2019.

DAW MAY SI
(B.Com, CPA)
Liquidator officer
No.49, Marlar Myaing 3rd Street, Oakyin, Yangon.
Phone 01-522684, 09-5042447

In The Metter of Myanmar Company Act

**KOL GLOBAL SERVICES COMPANY LIMITED**

(Reg-No.1873/1997-1998)

COMPANY LIQUIDATION

VOLUNTARY LIQUIDATION OF

Notice is here by given that the Final General Meeting will be held at No. 45(A), Shwe Myo Taw Pagoda Road, Yangon Industrial Zone, Mingalardon Township, Yangon, Myanmar on 15th November 2019, 11:00 am for the purpose of laying before at an account of the winding up.

No claim or claim what so ever against the company will be entertained after 15th November 2019.

DAW MAY SI
(B.Com, CPA)
Liquidator officer
No.49, Marlar Myaing 3rd Street, Oakyin, Yangon.
Phone 01-522684, 09-5042447

**UBER MYANMAR LIMITED**

("Company")

MEMBERS' VOLUNTARY WINDING UP

**TAKE NOTICE** that by special resolution passed on 23rd October 2019, the members of the Company resolved that the Company be voluntarily wound up.

**AND TAKE FURTHER NOTICE** that Daw Thiri Tin Than, Advocate of the Supreme Court, and Daw Lal Hmun Siami, Higher Grade Pleader, both of Lucy Wayne & Associates Limited, 16 B Ngwe Wut Hmone, Bahan Township, Yangon, Myanmar, have been appointed as Liquidators of the Company and can be contacted by post at the aforesaid address or by email at info @ lwalegal. com.

Daw Thiri Tin Than/ Daw Lal Hmun Siami
Voluntary Liquidators

Notice Under Section 348 of
The Myanmar Companies Act

**GULFNET MYANMAR COMPANY LIMITED**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held at on (23-10-2019), the resolutions that Company was wound up voluntarily and Daw Aye Thidar [B.Com (Q), CPA] was appointed as a Liquidator were passed as special Resolutions.

For above resolutions, all persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (2-12-2019) or before that day.

Koichi Honda
Managing Director
GULFNET MYANMAR COMPANY LIMITED

Daw Aye Thidar
Ngwe Inzaly Audit Firm
Room. 801, 50th Street Condo (AMPS),
Bet; 50th x 51st Street,
Bet; Maharbandoola Road &
Merchant Road, Botahtaung Township, Yangon.

Notice Under Section 206 (1) Myanmar Companies Act

**Spaceframe Construction & Engineering (Myanmar) Co., Ltd**

(Members Voluntary Winding-up)

Notice is hereby given that in accordance with the special resolutions of members meeting held **30th October 2019** at Zone A-03-03, Golden City Business Center, Yankin Road, Yankin Township, Yangon, Myanmar and it was resolved as required by section 206 (1) Myanmar Company Act:

(1) **Spaceframe Construction & Engineering (Myanmar) Co., Ltd** is winding up voluntarily with effectiveness from **30th October 2019**, And U Myo Thet Tun has been appointed at Liquidator and with effectiveness from **30th October 2019**.

(2) All debtors and creditors shall claim their debts with evidence documents to the liquidator within one month start from **(1-11-2019)**.

Mr. Ji Chengwei
Managing Director
Spaceframe Construction &
Engineering (Myanmar) Co., Ltd

U Myo Thet Tun
Liquidator
Spaceframe Construction &
Engineering (Myanmar) Co., Ltd

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၀၀/၁-၁၁-၂၀၁၉။

D:/Hla Nu/2019 Gazette/gazette (44) (IV) 4